# ကာကွယ်ရေးဝန်ကြီးဌာန

## စစ်ရေးသတင်းအကျဉ်းချုပ်

Date – 7/3/2022

## စစ်ကောင်စီနှင့်တိုက်ပွဲဖြစ်ပွားမှု

### ကချင်ပြည်နယ်

- မတ်(၇)ရက်နေ့မနက်(၇)နာရီခန့်က မိုးညှင်းမြို့နယ်၊ မိုးညှင်းမြို့နှင့်နန်းမားကျေးရွာကြား ညောင်းကုန်းတွင် စကစယာဉ်တန်းကို ပြည်သူ့ကာကွယ်ရေးတပ်ပေါင်းစုက မိုင်းဆွဲတိုက်ခိုက်ရာ နှစ်ဖက်တိုက်ပွဲ ပြင်းထန်ပြီး စကစတပ်သား(၂၀)ဦး ထက်မနည်းသေဆုံးပြီး အများပြားဒဏ်ရာရကာ ကားတစ်စီး မီးလောင်ပျက်စီးခဲ့သည်။တိုက်ပွဲအတွင်း ပြည်သူ့ကာကွယ်ရေးတပ်သား(၇)ဦး ကျဆုံးခဲ့သည်။
- မတ်(၇)ရက်နေ့နေ့လယ်(၁)နာရီခန့်က ရွှေကူမြို့နယ်၊ စီသာကျေးရွာတွင် စကစတပ်နှင့်ပြည်သူ့ကာကွယ်ရေးတပ်ပေါင်းစုတို့ တိုက်ပွဲဖြစ်ပွားခဲ့ကြောင်း သိရသည်။

### ကရင်ပြည်နယ်

မတ်(၇)ရက်နေ့မနက်အစောပိုင်းက မြဝတီမြို့နယ်၊လေးကေ့ကော်မြို့သစ်မှရသေ့ဂူကျေးရွာသို့ စစ်ကြောင်းထိုးသော စကစတပ်နှင့် KNLA/ပြည်သူ့ကာကွယ်ရေးတပ်မတော် ပူးပေါင်းတပ်ဖွဲ့များကြား တိုက်ပွဲဖြစ်ပွားခဲ့ပြီး စကစတပ်သား(၄)ဦးသေဆုံးကာ ပြည်သူ့ကာကွယ်ရေးတပ်သား(၁)ဦးသေဆုံးခဲ့ပြီး (၁)ဦး ဒဏ်ရာ ရရှိခဲ့သည်။

### စစ်ကိုင်းတိုင်း

- မတ်(၇)ရက်နေ့မနက်(၁၀)နာရီခန့်က ကလေးမြို့နယ်၊နတ်ချောင်းကျေးရွာအနီးတွင် စကစတပ်သား(၆၀)ခန့်ကို ပြည်သူ့ကာကွယ်ရေးတပ်မတော်က လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့ရာ စကစတပ်သား(၃)ဦးသေဆုံးခဲ့သည်။
- မတ်(၆)ရက်နေ့နေ့လယ်(၂)နာရီခန့်က တန့်ဆည်မြို့နယ်၊ ကဘဲ၊ ဘေရင်းကျေးရွာရှိ စကစတပ်သားနှင့်ပျူစောထီးများကို ပြည်သူ့ကာကွယ်ရေးတပ်ပေါင်းစုက လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ စကစတပ်သားနှင့်ပျူစောထီး(၃၀)ဦးခန့် သေဆုံးခဲ့သည်။

### မန္တလေးတိုင်း

မတ်(၇)ရက်နေ့မနက်(၉)နာရီခန့်က မတ္တရာမြို့နယ်၊မန္တလေး-မိုးကုတ်ကားလမ်းပေါ်ရှိ စကစ စစ်ဆေးရေးဂိတ်ကိုပြည်သူ့ကာကွယ်ရေးအဖွဲ့(မတ္တရာ)က မိုင်းဆွဲတိုက်ခိုက်ခဲ့ရာ စကစတပ်သားများထိခိုက်မှုများခဲ့သည်။

*မြေပြင်သတင်းတာဝန်ခံများနှင့် သတင်းဌာနများမှ ဖော်ပြလာသော အချက်အလက်များအပေါ် အခြေခံပြုစုထားသည်။*

# စစ်ကောင်စီကျူးလွန်သော ရာဇဝတ်မှုများ

## ကရင်နီ(ကယား)ပြည်နယ်

- မတ်(၇)ရက်နေ့မနက်(၁၁:၄၀)နာရီခန့်က ဒီမော့ဆိုမြို့နယ်၊ ဒေါင်ခါးကုန်းသာ၊ သေးဆူလဲ ကျေးရွာဘက်သို့ စကစဘက်မှ Jet Fiter တစ်စီး မိနစ်(၂၀)ခန့်ကြာ ဗုံးကြဲတိုက်ခိုက်သည့်အပြင် နေ့လယ်(၁:၄၅)နာရီခန့်ကလည်း ဒီမော့ဆိုမြို့နယ်သို့ ရဟတ်ယာဉ်(၂)စီးဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့ပြီး မြေပြင်မှလည်း တာဝေးပစ်လက်နက်ကြီးများဖြင့် တိုက်ခိုက်လျက်ရှိကြောင်း သိရသည်။
- မတ်(၆)ရက်နေ့က ဒီးမော့ဆိုမြို့နယ်၊ သေးဆူလဲကျေးရွာရှိ ပြည်သူပိုင်နေအိမ်အလုံး(၂၀)ခန့်ကို စကစတပ်သားများက မီးရှို့ဖျက်ဆီးခဲ့သည့်အပြင် မတ်(၇)ရက်နေ့ကလည်း ထပ်မံမီးရှို့ခဲ့ကြောင်း သိရသည်။

## ရှမ်းပြည်နယ်

မတ်(၇)ရက်နေ့မနက်(၄)နာရီခန့်က ရွာငံမြို့နယ်၊ အလယ်ချောင်ရွာတွင် NLDလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝဏ္ဏ အပါအဝင်(၃) ဦး ဖမ်းဆီးခံရကြောင်း သိရသည်။

## ချင်းပြည်နယ်

မတ်(၆)ရက်နေ့က မတူပီမြို့နယ်ရဲစခန်းတွင် တာဝန်ထမ်းဆောင်နေသည့် ရဲတစ်ဦး ထွက်ပြေးသောကြောင့် ၎င်းနှင့်ပက်သက်သည်ဟု သံသယရှိသည့်အမျိုးသမီး(၂)ဦးကို ရဲနှင့်စကစတပ်သားများမှ လာရောက်ဖမ်းဆီးခဲ့ကြောင်း သိရသည်။

## စစ်ကိုင်းတိုင်း

မတ်(၇)ရက်နေ့မနက်(၈)နာရီခန့်က ယင်းမာပင်မြို့နယ်၊ ဘန့်ဘွေးကျေးရွာရှိ စကစတပ်သားများက အောင်ချမ်းအေးကျေးရွာသို့ ဝင်ရောက်ပြီး ပြည်သူပိုင်နေအိမ်များကို မီးရှို့ဖျက်ဆီးခဲ့သည်။

## မကွေးတိုင်း

- မတ်(၆)ရက်နေ့ညဦးပိုင်းက ရေစကြိုမြို့နယ်အတွက် ကိုဗစ်ဒုတိယလှိုင်းတွင် သက်စွန့်ကြိုးပမ်းဆောင်ရွက်ပေးခဲ့ကြသော မြို့နယ်ကြက်ခြေနီအဖွဲ့မှ လူငယ်အချို့ကို စကစတပ်သားများက ဖမ်းဆီးခဲ့သည်။
- မတ်(၅)ရက်နေ့က ပေါက်မြို့နယ်၊အင်းငယ်ဒေါင့်ရွာနေ အမျိုးသမီးတစ်ဦးကို စကစကိုင်းလယ်ရဲစခန်း ဒုရဲအုပ်နှင့်ပျူစောထီးခေါင်းဆောင်တို့က အဓမ္မပြုကျင့်သတ်ဖြတ်ခဲ့ပြီး သားဖြစ်သူကိုလည်း ပစ်သတ်သွားခဲ့ကြောင်းသိရသည်။

## မန္တလေးတိုင်း

မတ်(၆)ရက်နေ့ညနေပိုင်းက နွားထိုးကြီးမြို့နယ်၊ ပဲကြီးခင်းရွာကျေးရွာရှိ ပြည်သူပိုင်နေအိမ်တချို့ကို စကစတပ်သားများက မီးရှို့ဖျက်ဆီးခဲ့ရာ ည(၅)နာရီတွင် နေအိမ်(၃)လုံးခန့် ပြာကျသွားခဲ့သည်။

*မြေပြင်သတင်းတာဝန်ခံများနှင့် သတင်းဌာနများမှ ဖော်ပြလာသော အချက်အလက်များအပေါ် အခြေခံပြုစုထားသည်။*